တူရွင်းမျောကျေးရွာ

ဆိပ်ဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တူရွင်းမျောကျေးရွာ၊ဆိပ်ဖြူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၁၈ ခုနှစ်၊ မတ်လ

မာတိကာ

မာတိကာ ၁

စကားချီး ၅

တူရွင်းမျောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဆိပ်ဖြူမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၁

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှု

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား‌လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၁၆
၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး
(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ
(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့
(င) ကျေးရွာတွင် စျေးကွက်ဖော်ထုတ်နိုင်ရန်
၈။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ
၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြိုးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှစ် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ) ၆၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ဤစီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးကြသည့် စိုက်ပျိုး ရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူထုကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေး သည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည့်အတွက် ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ၏ အရေးပါမှုကို သိရှိလာပြီး လိုအပ်သော ကိန်းဂဏန်း အချက်အလက် များအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှကောက်ယူရရှိပါသည်။ထပ်မံလိုအပ်သောကိန်း ဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမရယူရန်လိုအပ်ကြောင်းသိရှိနားလည်ရပါသည်။

ယခုရေးဆွဲသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာ မည့်အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါ ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့၏ ရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများအား ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင် မည်ဟုယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင်ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးဆောင်ရွက်ရန်အစီအစဉ်များ ဘတ်ဂျက်နှင့်ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်း နှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုအကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်များ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက် နိုင်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(၂)သည် စီမံကိန်းဆိုင်ရာအချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မကွေးဘိုင်းဒေသကြီး ပန်းကွင်းခရိုင်

ဆိုင်ဖြဲခြံနှင်း ချောင်းမကြီးကျေးရွာအုပ်စု

တူရွင်းမျောကျေးရွာ သယ်ဆောတပြ ပုံ

ပုံဆွဲ ••• ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ••တူရွင်းမျောကျေးရွာ ••• ၁၅.၁.၂၀၁၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ကိန်းဂဏန်းများ ပြုစုရန် အရေးကြီး ပုံကို အလေးထားမိလာပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျေးရွာအနေနှင့် ဆောင်ရွက်ရမည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သုံးမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်အား မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်

ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာများဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ NGOs၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာထောက်ပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စိစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(၈) စီမံကိန်းလွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ ရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီ အနေအထားနှင့် သဘာဝ သယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ဆိပ်ဖြူမြို့မြောက်ဘက်တွင်တည်ရှိပြီး ဆိပ်ဖြူမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၃၀နှင့်၄၀ကြားတွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိနိုင်မှုနည်းပါးပါသည်။ ကျေးရွာတည်ရှိရာနေရာသည် ယောချောင်းနံဘေးတွင်တည်ရှိပြီး ရေကြီးရေလွှမ်းဒဏ်စိုးရိမ်ရပါသည်။ ကျေးရွာဝန်းကျင်တွင် ကုန်းမြင့်များရှိ၍ မြေပြင်အနေအထားမှာ ညီညာမှုမရှိပါ။ ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် O2Bမုန်တိုင်းဖြစ်ပွားချိန်တွင် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများခံစားခဲ့ရသော်လည်း ယခုအခါ ကျေးရွာအား ရေဘေးကင်းလွတ်ရာတွင် ပြောင်းရွှေ့ထားပြီးဖြစ်ပါသည်။ သို့သော်ငြားလည်း ရေကြီးရေလွှမ်းမိုးမှု အန္တရယ်ရှိနေဆဲဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ယာမြေအသင့်အတင့်ရှိကြပြီး မြေမျက်နှာသွင်ပြင် ညီညာမှုမရှိပါ။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ ယာစိုက်ပျိုးရေးကဏ္ဍတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (၆၈)ဦးရှိပါသည်။ တောင်သူအချို့မှာ ယောချောင်းဘေးဝဲ/ယာ သဲသောင်ပြင်တွင် ဆောင်းရာသီအချိန်၌ မြေအောက်အစိုခါတ်ဖြင့် ကြက်သွန်စိုက်ပျိုးပါသည်။ ယာမြေမှာ၂၀၂၈ကရှိပြီး ကိုင်း/ကျွန်းမြေမှာ ၁၇၈ကရှိပါသည်။

၃။ ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၂၅)စုနှင့် ကျား(၃၀၅)ဦး၊ မ(၄၁၃)ဦး ဖြင့် လူဦးရေပေါင်း (၇၁၈)ဦးရှိ၍ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၃.၁၉)နှုန်းရှိသဖြင့် နိုင်ငံတော်၏တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၅%ခန့်

ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁၀%မျှပိုများပါသည်။

(ခ) **စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရသည့်လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး ရာသီဥတုမမှန်၍ အထွက်မကောင်းသောကြောင့် ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းနေပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၅၇% နှင့် ၂၇.၅% ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ပြီး ၂%သည် ချမ်းသာသည့် အဆင့် ၊ ၁၂.၄%သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုအများဆုံးဖြစ်ပြီး အလုပ်အကိုင်နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%တွင် ၃လခန့် ဝမ်းစာဖူလုံသူ (၄၃)ဦးနှင့် ၆လခန့် ဝမ်းစာဖူလုံသူ (၂၁)ဦးရှိပါသည်။ ဝမ်းစာမဖူလုံသူများသည်အထောက်အပံ့ယူခြင်း၊ ချေးငှားယူခြင်း၊ လုပ်အားခကြိုယူခြင်း နည်းများဖြင့် ဖြေရှင်းကြပါ သည်။

အိမ်ထောင်စု (၁၄)စုသည် ဆင်းရဲ၍ မိသားစုများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြပါသည်။ ဆင်းရဲ၍မိသားစုများသော မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စုများမှာ(၂)ဦးရှိပြီး ယင်းတို့မှာထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၁၁)ဦးတို့ ဖြစ်ကြသည်။

(ဃ) **ကျန်းမားရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမားရေကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ တီဘီရောဂါ အနည်းငယ်ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါမှာ ရာသီအလိုက်အနည်းငယ် ဖြစ်ပေါ်လေ့ရှိပါသည်။ ငှက်ဖျား၊ AIDS၊ အာဟာရချို့တဲ့မှု၊ ကူးစက်နိုင်သော ရောဂါမရှိပါ။ဆီချို၊ သွေးတိုးနှင့် အသည်းရောဂါများ အနည်းငယ်ရှိပါသည်။ အရွာသားများအနေဖြင့် ကျန်းမာရေးအခြေခံ စောင့်ရှောက်မှုများကို (၁)မိုင်ခန့်ဝေးသော ချောင်းမကြီးကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသော ဆိပ်ဖြူမြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။

(င) **ပညာရေးနှင့် ကျန်းမာရေးများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးအတွက် မူလွန်ကျောင်းရှိပြီး အဆင့်မြင့် အထက်တန်းပညာများကို ထိန်ကန်ကျေးရွာနှင့်

ဆိပ်ဖြူမြို့နယ်တို့တွင် သွားရောက် လေ့လာသင်ယူကြပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပါသည်။

(စ) **ကျား/မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား်မဆိုင်ရာ ဆက်နွယ်မှု အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ အမျိုးသမီးများသည် ကျေးရွာစီမံ အုပ်ချုပ်မှုတွင် တက်ကြွစွာပါဝင်ကြသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ တက်ကြွစွာပါဝင်ကြသည်။ ကျေးရွာတွင် ကျာနှင့်မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးများ တူညီစွာရရှိပါသည်။ ကျေးရွာတွင် နေ့ထွက် လုပ်အားခ ငွေများမှာ အမျိုးသားများမှာ ပိုမိုရကြပါသည်။ လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်မှုမတူညီသောကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းကြပြီး ရကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်အဖွဲ့**

ကျေးရွာတွင် ဘာသာရေးအဖွဲ့ (၂)ဖွဲ့အနေဖြင့် ဝတ်အဖွဲ့နှင့် နိဗ္ဗာန်ဆော် အဖွဲ့၊ ပညာရေးအတွက်ကျောင်း အကျိုးတော်ဆောင်အဖွဲ့၊ မီးကင်းအဖွဲ့အား ဆယ်အိမ်စုအလိုက် (၁၀)ဦးစီ ညစဉ်ဆောင်ရွက်ပြီး၊ အမျိုးသမီး ဝေယျာဝစ္စ အဖွဲ့ဝင် (၁၇)ဦး ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် UN-Habitatမှ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) **သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် ကြက်သွန်နှင့် ပဲစင်းငုံကို အဓိကထား စိုက်ပျိုးကြသည်။ ယာမြေစိုက်ဧက(၂၀၂)ဧက ရှိပြီး ကိုင်း/ကျွန်းမြေမှာ (၁၇)ဧက ရှိပါသည်။ ယောချောင်း ဝဲ/ယာ တွင် သဲသောင်မြေများ၌ ဆောင်းဥတု ရေနည်းချိန်တွင် ကြက်သွန်စိုက်ပျိုးပြီး ၎င်းစိုက်ဧကများမှာ နှစ်စဉ် ပြောင်းလဲမှုရှိသောကြောင့် မဖော်ပြပါ။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိပါသည်။ စိုက်ပျိုးရေး သွင်းအားစုများလည်း အလွယ်တကူ ဝယ်ယူရရှိပါသည်။ ပဲတီစိမ်း၊ ပဲစိမ်းငုံ၊ ပြောင်း တို့မှာ မိုးခေါင်သဖြင့် မျိုးပြန်လည် ရရုံသာရှိ၍ တောင်သူများ အရှုံးပေါ်သည့်နှစ်ကာလများပါသည်။ ကြက်သွန်မှာ သွင်းအားစု ကုန်ကျစရိတ်များပါသည်။ ဈေးနှုန်းမှာလည်း တစ်နှစ်နှင့်တစ်နှစ် မှန်ကန်မှုမရှိပါ။ ဈေးကောင်းသည့်နှစ်တွင် တောင်သူများ အမြတ်

အစွန်းများ ရရှိကြ၍ ဈေးမကောင်းသည့်နှစ်တွင် ရှုံးကြပါသည်။ ကျေးရွာ၏ အဓိက သီးနှံဖြစ်၍ တောင်သူများနှင့် လက်လုပ်လက်စားများပါ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် တရိစ္ဆာန်မွေးမြူရေး လုပ်ကိုင်သူ (၁၀)ဦးရှိပြီး ဆိတ်မွေးမြူသူ (၅)ဦးနှင့် နွားမွေးမြူသူ (၅)ဦး ဖြစ်ပါသည်။ မွေးမြူရေးလုပ်ကိုင်သူများမှာ စီးပွားဖြစ် မွေးမြူကြပါသည်။ ကြက်မွေးမြူခြင်းမှာ ခြံစနစ်ဖြင့် စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ ဟင်းစားရန်အတွက် ကြက်မ (၁)အုပ် (၂)အုပ် သာလျှင် မွေးမြူထားပါသည်။ တောင်သူများမှာနွားများအား ခိုင်းနွားအဖြစ် မွေးမြူကြပါသည်။ တောင်သူ (၁၉)ဦးရှိ၍ ခိုင်းနွားကောင်ရေ (၃၀)ကောင် ဖြစ်ပါသည်။ ကြက်မွေးမြူသူ (၁၀၀)ခန့်ရှိပြီး ကြက်ကောင်ရေ (၅၀၀)ခန့် ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကဉ်းစီးဌာန မှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။ မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာတွင် မွေးမြူရန် ရေ၊ မြေ၊ နေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်သမားများ၊ ပန်းရံ၊ ဈေးရောင်း၊ လက်သမား၊ အပ်ချုပ်၊ အစိုးဝန်ထမ်း လုပ်ငန်းတို့ ဖြစ်ကြသည်။ တောင်သူလုပ်ငန်းများမှာ ရာသီဥတု မမှန်၍ သီးနှံ အထွက်မကောင်းသောကြောင့် ဝင်ငွေနည်းသော်လည်း အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးပေါ်မူတည်၍ အသင့်အတင့် အနေအထားတွင်ရှိသည်။ နေ့စားအလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေတွင် ကျေးရွာ၏ အလားအလားကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ကားဝပ်ရော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်ကြသော်လည်း ရွာသား အများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံနိုင်ရန် နှင့်လုပ်ငန်းထူထောင်ရန်းလည်း မတတ်နိုင်ကြချေ။

(ဃ) သဘာဝပတ်ဝန်းကျင်းနှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပြောင်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်ပါ က ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာ အသင့်အတင့်သာ သုံးစွဲပါသည်။ တောင်သူများအနေဖြင့် သဘာဝပိုးသတ်ဆေးအစား ဓာတုပိုးသတ်ဆေးကိုသာ အသုံးပြုမှု များပြား

သည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

တူရွင်းမျောကျေးရွာ အပါအဝင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ယောချောင်းနံဘေးကျေးရွာများ ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့ပြီး ယခုအခါ အချို့မှာ မြေမြင့်သော အပိုင်းတွင် ပြောင်းရွှေ့ထားပြီးဖြစ်ပါသည်။ ရေကြီးခြင်း အသင့်အတင့်ဖြစ်လေ့ရှိသဖြင့် စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးခြင်းများ ကြုံရလေ့ရှိပါသည်။ မိုးခေါင်ခြင်းမှာ နှစ်စဉ်ဖြစ်လေ့ရှိပြီး မုန်တိုင်းနှင့် ငလျင်မှာ အနည်းငယ်သာ ဖြစ်လေ့ရှိပါသည်။

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကာလတိုချေးငွေများ ရရှိပါသည်။ ဥလမှ ဖေလအတွင်း ပြန်ဆက်ရသည်။ အတိုးနှုန်းမှာ ၂%ဖြစ်သည်။ အပေါင်ပစ္စည်း အနေဖြင့် ပုံစံ (၇) တင်ပြရသည်။ ချေးငွေရရန် အခက်အခဲရှိသည်။ သမဝါ ယမ အသင်းချေးငွေ ရှိသည်။ ၎င်းမှာ ကာလတို ချေးငွေဖြစ်သည်။ ဥလမှ ဖေလ အတွင်း ပြန်လည်ပေးဆက်ရပြီး အတိုးနှုန်း ၂%ဖြစ်သည်။ အပေါင်ပစ္စည်း မလိုအပ်ပါ။ ချေးငွေရရန် အခက်အခဲ နည်းပါးပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေး ရှိသည်။ ကာလတို ဖြစ်သည်။ဥလမှ ဖေလ အတွင်းပြန်လည်ပေးဆပ်ရသည်။အတိုးနှုန်းမှာ ၂%မှ ၅%အထိဖြစ်သည်။ အပေါင်ပစ္စည်း မလိုအပ်ပါ။ ချေးငွေရရန် အခက်အခဲရှိသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ(ပညာရေး၊ ကျန်းမာရေး၊ ရိက္ခာ)တို့အတွက် အထူးသဖြင့် စားနပ် ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး မူလစာသင်ကျောင်း၏ ကြမ်းခင်းဧရိယာမှာ ၂၁၀ စတုရန်းပေဖြစ်၍ မူလွန်ကျောင်းမှာ ၂၂၆၀ စတုရန်းပေကျယ်ဝန်းကာ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(၂)ဆောင် ဖြစ်ပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအလယ်ဗဟို တွင်ရှိ၍ သွားလာရ လွယ်ကူပါသည်။ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့်လည်း သွားလာနိုင်သည်။ ကျောင်းအိမ်သာများမှာ ရေလောင်းအိမ်သာများ ဖြစ်ကြပါသည်။ မူလွန်ကျောင်းဖြစ်၍ အစိုးရခန့် ကျောင်းဆရာ (၂)ဦး နှင့် ဆရာမ(၆)ဦး စုစုပေါင်း(၈)ဦး နှင့် ကျေးရွာခန့် ဆရာ (၁)ဦးရှိပါသည်။ တပည့်နှင့် ဆရာအချိုး ၄၀:၁ အထက်ရှိ၍ ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များအား အခမဲ့ ပံ့ပိုးပေးပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ်မရှိပါ။ ကျောင်းစရိတ်မတက်နိုင်မှုမြင့်မားပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု နည်းပါးပါသည်။ မိဘ၊ ဆရာ အသင်း၏ အခန်းကဏ္ဍအား နည်းပါးပါသည်။

ကျေးရွာတွင် ချောင်းမကြီး ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေး ဌာနမှ ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ လာရောက်၍ ကာကွယ်ဆေးထိုးခြင်းအား ပံ့မှန်ဆောင်ရွက်ပေးပါသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲသည် ချောင်းမကြီး ကျေးရွာတွင်ရှိ၍ (၂)မိုင်ခန့် ဝေးပါသည်။ မြို့နယ်ဆေးရုံမှာ ဆိပ်ဖြူမြို့တွင် ရှိ၍ (၃) မိုင်ခန့် ဝေးပါသည်။ ဆေးဆိုင်များမှာ ရွာတွင်မရှိပါ။ ဆိပ်ဖြူမြို့ရှိဈေးဆိုင်များ သို့ သွားရောက် ဝယ်ယူရပါသည်။ ဆေးဆိုင်များတွင် ဆေးကိုစနစ်တကျ သိုလှောင်ထားကြ ပါသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် အခန်း၊ ကုတင် လုံလောက်မှု မရှိပါ။

တူရွင်းမျော ကျေးရွာတွင် သောက်သုံးရေ အတွက် UN-Habitat မှ အဝိစိ စက်ရေတွင်းနက်ဖြင့် အိမ်များအရောက် ရေပိုက်လိုင်းသွယ်တန်း၍ ရေမီတာဖြင့် သုံးစွဲလျက်ရှိပါသည်။ အိမ်ထောင်စု (၁၆၅)စုမှာ ရေမီတာ တပ်ဆက်၍ သုံးစွဲနေပြီး ကျန်အိမ်ထောင်စု (၆၀)ခန့်မှာ ၎င်းရေပိုက်လိုင်းရှိ နီးစပ်ရာ ရေငုတ်များမှ သုံးစွဲနိုင်သည်။ အဝိစိတွင်း တုံကင်တပ် (၃)တွင်းရှိပါသည်။ လက်ငင်တွင်း (ငွေကျယ်တွင်း) (၁၂) တွင်းရှိပါသည်။ ချိုးရေနှင့် တိရိစ္ဆာန်သောက်သုံးရေ သုံးပါသည်။ ကျန်းမာသန့်ရှင်းရေး လုပ်ငန်းအနေဖြင့် UN-Habitat မှ ယင်လုံ အိမ်သာ (၄၀) လုံး ဆောက်လုပ်ပေးပြီး ဖြစ်ပါသည်။ ကျန်အိမ်ထောင်စုများမှာ မိမိ အစီအစဉ်ဖြင့် တည်ဆောက် သုံးစွဲကြပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ဆရာ/မ နှင့် ကျောင်းသား/သူ များအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအနာယူ အပန်းဖြေရန် နေရာမရှိပါ။ လူငယ်များသည် လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးနှင့် မီးဘေးဘောင့်ရှောက်မှုတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ ကျေးရွာ၌ စာကြည့်တိုက်ရှိသော်လည်း အသုံးပြုမှုမရှိပါ။ အင်တာနက် သုံးစွဲမှုများလည်း များပြားလာပါသည်။

(ဇ) အခြေခံအဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ တင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရွာလျှင် ရေစီးရေလာသဖြင့် ချောက် များဖြစ်၍ ပြန်လည်ပြုပြင်ရပါသည်။ ရွာ၏ချဉ်းကပ်လမ်းဖြစ်သော ကျောက်ချောင် လမ်းမှာ ၂၀၁၄ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၁၁)မိုင် ခင်းပေးခဲ့ပါသည်။ ချောင်းမကြီးကျေးရွာနှင့် ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်၍ လှည်းများသာလျှင် သွားလာနိုင်ပါသည်။ အခြားယာဉ်များ မသွားနိုင်ပါ။ သို့သော် ကျေးလက်ဦးစီးဌာနမှ ခင်းပေးခဲ့သည့် တူရွင်းမျော-ချောင်းမကြီး၊ ဒေါသာ-ဆင်နီတောင် လမ်းမှလည်း သွားနိုင်ပါသည်။ ရွာ၏ အရှေ့ဘက်ရှိ ယောချောင်းကိုဖြတ်၍ ဝါဒိ စိမ်ကိန်းသို့ သွားရာတွင် မိုးတွင်း လများဖြစ်သော (ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်) (၄)လတွင် လှေငယ်ကို အသုံးပြု၍ သွားရပါသည်။ ကျန်လများမှာ ရေနည်းချိန်ဖြစ်၍ လူများကူးနိုင်ပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးလင်းနိုင်ခြင်းမရှိသေးပါ။ စိမ်ကိန်းဖွံ့ဖြိုးရေး ရုန်ပုံငွေနှင့် ကျေးရွာ ပြည်သူ လူထုမှ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်ထု၊ စလောင်းများကိုမူ ကိုယ်ပိုင်အသေးစား ဆိုလာဖြင့် ဘတ္ထရီ အသုံးပြု၍

သုံးစွဲကြပါသည်။ တူရွင်းမျောကျေးရွာသည် မြို့နှင့်နီးသော ကျေးရွာဖြစ်၍ ဖုန်းလိုင်းအား ဖြင့် လွယ်ကူစွာ ဆက်သွယ်ပြောဆို နိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးပြီး တည်ငြိမ်အေးချမ်း ပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု၍သတင်းများကို လိုအပ်သလို ဆက်သွယ်တည်ရှိနိုင်ပါသည်။ အာမခံဝန်ဆောင်မှုလုပ်ငန်းများ မရှိပါ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၆၅%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်ရှိပြီးကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်း သင်တန်းများအား လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့်လည်း စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဆိပ်ဖြူမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ပါသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထား အတွက်ကောင်းသောအဆင့်တွင် ရှိနေကြသည်။ သဘာဝအရင်းအမြစ်များ တွင် ယာမြေ၊ကိုင်း/ကျွန်းမြေ၊သဲသောင်မြေတို့ရှိပြီး မြေဆီညြစာ အသင့်အတင့်ကောင်း မွန်သည်။ တောင်သူများလည်း ယာထွက်ကုန်များကို သယ်ယူပို့ဆောင်၍ ရောင်းချနိုင် သည်။ ကျေးရွာတွင် ယောချောင်းဘေး ဝဲ/ယာဘို့ ကြက်သွန်များ စိုက်ပျိုးထုတ်လုပ်နိုင် သည်။ ကျေးရွာသည် ဆိပ်ဖြူ၊ ချောက်၊ ရန်ကုန်မြို့များ သို့ အလွယ်တကူ ကူးသန်း သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထုတ်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် တိရိစ္ဆာန် အစာလွယ်ကူစွာရရှိနိုင်သဖြင့် ဆိတ်နှင့်နွားကိုတိုချဲ့မွေးမြူသင့်ပါသည်။ သို့သော် မွေ/ကုဋီးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်ဆိုင်ရာ ပံ့ပိုးမှုကို လည်းတိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် သဲ၊ကျောက်စရစ်များ အသင့်အတင့်ရရှိပြီး အသုံးပြုရန်လွယ်ကူပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို လွယ်ကူချောမွေ့စေပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) **အဟန့်အတားနှင့် စိန်ခေါ်မှုများ**

ကျေးရွာရှိယာမြေများမှာမြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း မိုးရွာသွန်းမှု နည်းသောကြောင့် အထွက်နှုန်းလျော့နည်းပါသည်။ အခြားသယံဇာတများလည်း မထွက်ရှိပါ။

ယောချောင်းဝဲ/ယာရှိ သဲသောင်များတွင် မြေအောက်အစိုဓာတ်ဖြင့် ကြက်သွန်စိုက်ပျိုးနိုင်သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် တခါတရံ စိုက်ခင်းများရေးမျောပါမှုကြုံရတတ်ပါသည်။ ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ကြက်သွန်ဖြစ်ပြီးသွင်းအားစု (မျိုး၊ ပိုးသတ်ဆေး၊ မြေဩဇာ) ကုန်ကျစရိတ်မြင့်မားသောကြောင့် မြစိမ်းရောင်ကဲ့သို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် အိမ်တွင်းမှထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းနည်းပညာအားနည်းပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) **ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါ အတိုင်းချမှတ်ထားပါသည်-

(၁) လျှပ်စစ်မီးရရှိရေးအတွက် ဖွံ့ဖြိုးရေး ထောက်ပံ့ငွေ+ကျေးရွာထည့်ဝင်ငွေတို့ဖြင့် ကျေးလက်ဦးစီးဌာန၊ မြန်မာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် ကျေးရွာ ပြည်သူလူထုတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာအဝင်လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်သွားပါမည်။

(၃) တူးရွင်းမျောကျေးရွာ (ရွာသစ်)တွင် အမြင့်တင်ရေစင်တည်ဆောက်သွားပါမည်။

(၄) ပညာရေးအတွက် ပရိဘောဂနှင့် သင်ထောက်ကူ ပစ္စည်းများ ဝယ်ယူသုံးစွဲပါသည်။

(၅) ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင်လျှပ်စစ်မီးရရှိရေးအတွက် မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သစ်ပင်များခုတ်ခြင်း၊ မြေကျင်းတူးခြင်းများ ဆောင်ရွက်သွားပါမည်။ ကွန်ကရစ်မီးတိုင်နှင့် ဆက်စပ်ပစ္စည်းများ အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာနအား ကြီးကြပ်စေပါမည်။ လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အကုန်သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင် ရွက်သွားပါမည်။

(၂) ကျွန်ုပ်တို့သည်ကျေးရွာအဝင်လမ်းအား အဆင့်မြှင့်တင်နိုင်ရန် အထောက်အပံ့ပေးနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း (သို့) လွှတ်တော်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သွားပါမည်။ ကျေးရွာမှ ငွေကြေးအနည်းငယ်နှင့် လုပ်အားထည့်ဝင်သွားပါမည်။ ကျေးရွာအဝင်လမ်း အဆင့်မြှင့်တင်ခြင်းအား ဒုတိယရည်မှန်းချက် အနေဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားပါမည်။

(၃) ကျွန်ုပ်တို့သည် တူရွင်းမျောကျေးရွာ (ရွာသစ်)တွင် အဆင့်မြှင့်တင်ရေစင်တည်ဆောက်ရန် လုပ်ငန်းတစ်ခုလုံးအတွက် ငွေးကြေးမတတ်နိုင် သော်လည်း ငွေကြေးထောက်ပံ့ပေးနိုင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ တတိယရည်မှန်းချက်အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားပါမည်။ တူရွင်းမျောကျေးရွာတွင် အမြှင့်တင်ရေစင်တည်ဆောက်ရန် မြေနေရာလည်းပေးနိုင်ပါသည်။

(၄) ကျေးရွာတွင် ပညာရေးအတွက် ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ၊ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ပညာရေးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာထည့်ဝင်ငွေများဖြင့် ပေါင်းစပ်ကာ ကလေးငယ်များ ပြည့်စုံစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်သွားပါမည်။ သို့မှသာ ကျေးရွာတွင် ဘက်စုံထူချွန်သော ကျောင်းသား/သူများ ပေါ်ထွက်လာမည် ဖြစ်ပါသည်။

(၅) ကျေးရွာသည် အုပ်စုကျေးရွာမဖြစ်သော်လည်း ကျန်းမာရေးအတွက် အလွယ်တကူ ပြသနိုင်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိစေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များအတွက် အကူအညီ၊ အထောက်အပံ့ပေးနိုင်သော အဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် နည်းပညာရရှိရေးသည် အလွန်အရေးပါပါသည်။ သို့ဖြစ်၍ နည်းပညာကူညီပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ နိုင်ငံတော်အစိုးရထံမှ အကူအညီတောင်းခံခြင်းအပြင် ကျေးရွာမှလည်း လုပ်အားနှင့်ငွေကြေး တတ်နိုင်သမျှထည့်ဝင်သွားပါမည်။ ဖော်ထုတ်ထားသည့် ဖွံ့ဖြိုးရေးစီမံချက်များအား သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်၍ လုပ်ငန်းများပြီးစီးခြင်း ရှိ/မရှိအား ပြန်လည်စိစစ်သုံးသပ်သွားပါမည်။ ဦးစားပေးစီမံချက်များအား နှစ်စဉ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်နိုင်ရေးသည်လည်း အရေးကြီးသော အချက်ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် ကြက်သွန် အဓိကစိုက်ပျိုးပြီး ပဲတီစိမ်း၊ ပဲစင်းငုံ နှင့် ပြောင်းများလည်း စိုက်ပျိုးကြသည်။တောင်သူများအတွက် မိုးခေါင်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများလည်းလိုအပ်သည်။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအား စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိသော်လည်း တောင်သူအချင်းချင်း နည်းပညာဖလှယ်သည့်စနစ်အား ပိုမိုအသုံးပြုကြသည်။ မိုးရွာသွန်းမှုနည်းပါးသောကြောင့် ကြက်သွန်သာစိုက်ပျိုးနိုင်ပြီး ပဲတီစိမ်း၊ ပဲစင်းငုံ နှင့် ပြောင်းများမှာ မျိုးရရုံသာ စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် မိုးနည်းသော ကြောင့် စိုက်ပျိုးရေးအစား မွေးမြူရေးလုပ်ငန်းကို ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ပါက ဝင်ငွေများပိုမိုတိုးပွားလာမည်ဖြစ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

စိုက်ပျိုးရေးဘဏ်မှ တောင်သူများလုံလောက်သောချေးငွေရရှိရေးအတွက် စနစ်များပြောင်းလဲချမှတ်ပေးသင့်သည်။တောင်သူများ၊ မွေးမြူရေးလုပ်ကိုင်သူများ၊ ပန်းရံများ နှင့် လက်သမားများကဲ့သို့ သက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများ၊ ဈေးဆိုင်များအတွက် မြစိမ်းရောင်းကဲ့သို့သော အတိုးနှုန်းသက်သာသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လိုအပ်ပါသည်။ စိုက်ဘဏ်နှင့် သမဝါယမငွေများ ရရှိသော်လည်း လူတိုင်း လက်လှမ်းမှီ သုံးစွဲနိုင်ရန် အခက်အခဲများရှိသည်။

(ဃ) **ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးသော်လည်း နည်းပညာနှင့် ရင်းနှီးငွေ လိုအပ်လျက်ရှိပါသည်။ လက်သမား၊ ပန်းရံကဲ့သို့သော လက်မှုပညာရှင်များပင် ကျေးရွာတွင်လုပ်ငန်းမထူထောင်နိုင်သောကြောင့် ဆိပ်ဖြူမြို့သို့ သွားရောက်လုပ်ကိုင်ရခြင်းများ ရှိပါသည်။ ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ပါက ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းလုပ်သားများ လျော့နည်းလာပြီး ကျေးရွာသူ/သား များလည်း လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါသည်။ ကျေးရွာမှ ထွက်ကုန်များလည်း ကုန်ကြမ်းအပြင် ကုန်ချောများ တင်ပို့နိုင်ပါက ဝင်ငွေပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပါသည်။

(င) **ကျေးရွာတွင်ဈေးကွက်ဖော်ထုတ်နိုင်ရေး**

ကျေးရွာတွင် စိုက်ပျိုးရေးအနေဖြင့် ကြက်သွန်မှာစီးပွားဖြစ်စိုက်ပျိုးခြင်းဖြစ်ပြီး ရရှိလာသည့် သီးနှံကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချရပါသည်။ ထိုသို့ တင်ပို့ရောင်းချခြင်းထက် မိမိတို့ကျေးရွာတွင်ပင် ဈေးကွက်ကောင်းတစ်ခု ဖော်ထုတ်နိုင်ပါက ပိုမိုအောင်မြင်၍ ဝင်ငွေတိုးပွားလာနိုင်ပါသည်။ အလားတူမွေးမြူရေး ထွက်ကုန်များအတွက်လည်း ဈေးကွက်လိုအပ်လျက်ရှိပါသည်။

၈။ **စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များအား ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်အထိ တစ်နှစ်ချင်းစီ နှစ်အလိုက်ပန်းတိုင်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုမှ (၅)နှစ်တာစီမံချက်ကာလအတွက် ပြုစုထားသော်လည်း ပြည့်စုံမှုမရှိပါ။ ရည်မှန်းထားသော စီမံချက်များ ဆောင်ရွက်ပြီးဖြစ်သော်လည်း ထပ်မံလိုအပ်ချက်များ ပေါ်ပေါက်လာနိုင်သေးသည်။ သို့သော်လည်း ကျေးရွာလူထုမှ ထုတ်ဖော်ထားသည့် စီမံချက်များအား (၅)နှစ်တာ ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) **ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက် အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်ခွဲခြားစိတ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ အုပ်စုခွဲခြားပါသည်။လုပ်ငန်းကဏ္ဍ ကို အခြေခံ၍ စီမံကိန်းအုပ်စုများသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများအား သိရှိနားလည် စေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်

အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများမှ ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင် (၁) သာမန်အသုံးစရိတ်၊ (၂) ငွေလုံးငွေရင်းအသုံးစရိတ် ၊(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် (၄) လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်ပါသည်။

(က) ဦးစားပေးစီမံ ချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော် ထုတ်ထားပါသည်။ အချို့စီမံချက်ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များ နှင့် အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ ကဏ္ဍာခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစား ပေး အဆင့်	ဖော်ပြချက်	မှတ် ချက်
လျှပ်စစ်မီး ကဏ္ဍ	လျှပ်စစ်မီးရရှိအောင် ဆောင်ရွက် ခြင်း	၉၉	၁	ကျေးရွာတွင်လျှပ်စစ်မီးရရှိရေးကျေးရွာဖွံ့ဖြိုးရေးကော်မတီမှMOEEကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်။	
လမ်း/တံတား ကဏ္ဍ	ကျေးရွာအဝင်လမ်း အဆင့်မြှင့်တင်ခြင်း	၂၇	၂	ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်နိုင်ရန်အထောက်အပံ့ပေးနိုင်မည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်သွားပါ မည်။	
ရေပေးရေး ကဏ္ဍ	တူရွင်းမျောကျေးရွာ (ရွာသစ်)တွင်အမြင့်တင် ရေစင် တည်ဆောက် ခြင်း	၂၃	၃	သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	
ပညာရေး ကဏ္ဍ	ပညာရေးအတွက် ပရိဘောဂနှင့်သင် ထောက်ကူပစ္စည်းများ ဝယ်ယူခြင်း	၁၉	၄	သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	
ကျန်းမာ ရေးကဏ္ဍ	ကျေးလက်ကျန်းမာ ရေးဌာနခွဲတည် ဆောက် ခြင်း	၁၁	၅	သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ နှင့်ချိတ်ဆက်ဆောင်ရွက်သွားပါ မည်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းဆောင်ရွက်မည့် အချိန်ကာလနှင့် ဦးစားပေးစီမံချက်များ ဖော်ပြထားပါသည်။ဤအစီစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်ဖြစ်ပါသည်။ ၂၀၂၁

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
လျှပ်စစ်မီး၊ရရှိအောင်ဆောင်ရွက်ခြင်း +	၁	✓				
ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း +	၂		✓			
တူရွင်းမျောကျေးရွာ(ရွာသစ်)တွင် အမြင့်တင်ရေစင်တည်ဆောက်ခြင်း +	၃			✓		
ပညာရေးအတွက် ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း	၄				✓	
ကျေးလက်ကျန်းမာ ရေးဌာနခွဲတည် ဆောက်ခြင်း	၅					✓

ရိုက်ထားမှားယွင်းသော လုပ်ငန်းများကို ဖယ်ရှားရန်အတွက် အသေးစိတ်ရှင်းပြပါ။ (၅၀) ၄

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ယေဘုယျသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏအား တွက်ချက်နိုင် ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် စီမံချက်များရေးဆွဲရာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ NGO ၊ INGO ကဲ့သို့သော အဖွဲ့အစည်းများ၏ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ (ဥပမာ - လုပ်အား ၊ သဲ ၊ကျောက်စရစ်) စသည်တို့ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း

စဉ်	စီမံချက်	ကျေးရွာထည့်ဝင်ငွေ	သက်ဆိုင်ရာဌာနဆိုင်ရာများထည့်ဝင်မှု	လွတ်တော်ရန်ပုံငွေ
၁	လျှပ်စစ်မီး၊ရရှိအောင်ဆောင်ရွက်ခြင်း	✓	✓	
၂	ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း	✓	✓	✓
၃	တူရွင်းမျောကျေးရွာ(ရွာသစ်)တွင် အမြင့်တင်ရေစင်တည်ဆောက်ခြင်း	✓	✓	✓
၄	ပညာရေးအတွက် ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း	✓	✓	
၅	ကျေးလက်ကျန်းမာ ရေးဌာနခွဲတည် ဆောက်ခြင်း	✓	✓	

၁၀။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ကျေးရွာလူထုက အကောင်အထည်ဖော်မည် သော်လည်း နည်းပညာနှင့် အရည်အသွေးကြီးကြပ်မှုပိုင်းတွင် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ကျေးရွာကော်မတီ၏ အခန်းကဏ္ဍ

ကျေးဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းကို အထိရောက်ဆုံး အကောင်အထည်ဖော်မည်မှာ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါသည်။ အဖွဲ့အသီးသီးအား တာဝန်များခွဲဝေပေးအပ်၍ သက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲသွားပါမည်။ ဥပမာ-ရပ်မိရပ်ဖ အဖွဲ့သည် ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းအား MOEE ၏ အကြံပေးလမ်းညွှန်မှုနှင့် ကျေးရွာလူထုအား ဦးဆောင်ကာ တာဝန်ယူဆောင်ရွက်သွားပါမည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျေးရွာရှိအဖွဲ့ (ရပ်မိရပ်ဖ၊ လယ်သမား၊ အမျိုးသမီး၊ လူငယ်၊ စိုက်/မွေးမဟုတ်သော သက်မွေးလုပ်ငန်းလုပ်ကိုင်သူအဖွဲ့)များမှ ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှု တာဝန်ယူ ဆောင်ရွက်နိုင်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာအဖွဲ့မှ ကိုယ်တိုင်မတတ်နိုင်သော ကိစ္စများတွင် အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရာတွင် မြို့နယ်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။ ကျေးရွာအဝင်လမ်း အဆင့်မြှင့်တင်ရာတွင်လည်း ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ကွန်ကရစ် လုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုများမှာ အမှန်ပင်လိုအပ်ပါမည်။

အမြင့်တင်ခရေစင် တည်ဆောက်ရေး၊ လမ်းအဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ ၊ နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့များက ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဖော်ပြထားသော ကိစ္စရပ် များတွင် ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ

